Members of Parliament Union ( Burma)

ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (NCUB) ၏ **CREDENTIALS CHALLENGE** လုပ်ငန်းစဉ်အပေါ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့(မြန်မာနိုင်ငံ) ၏ သဘောထား

(၁) ။ ၁၉၉၀–ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ပြည်သူလူထုတစ်ရပ်လုံးက ရွေးကောက်ပွဲအနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါဝင် အနိုင်ရပါတီများနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား စစ်အာဏာရှင်စနစ်ကို ဖျက်သိမ်း၍ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုကို ထူထောင်ရန် ၎င်းတို့၏ကိုယ်စား **လုပ်ပိုင်ခွင့်အာဏာ(Mandate)**ကို တရားဝင်ကမ္ဘာသိ အပ်နှင်းခဲ့ကြသည်။ ယခုအချိန်ကာလတွင် နအဖ စစ်အုပ်စုသည် ၁၉၉၀–ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား အမြစ်ပြတ် ဖျက်ဆီးချေမှုန်းရန် ၎င်းတို့၏ လမ်းပြမြေပုံကို တစ်ဖက်သတ် ချမှတ်ပြီး တစ်ဖက်သတ် ဖေါ်ဆောင်ခဲ့သည်မှာ ၂၀၁၀ ရွေးကောက်ပွဲကျင်းပရေးအထိပင် ရောက်ရှိခဲ့ပြီဖြစ်သည်။ သို့ဖြစ်၍ ပြည်သူလူထု၏ စစ်မှန်သောဆန္ဒနှင့် ပြည်သူလူထု၏အာဏာကို ကာကွယ်ရမည့်တာဝန်သည် ပြည်သူလူထုက ရွေးချယ်တာဝန်ပေးထားသည့် မိမိတို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကသမိုင်းပေးတာဝန် ဖြစ်သည်ဟု ခံယူပါသည်။

(၂) ။ သို့ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ(NCUB)က လာမည့် ၆၃–ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် **"နအဖစစ်အုပ်စုသည် ကုလသမဂ္ဂတွင် အစိုးရတစ်ရပ်၏အင်္ဂါနှင့် မညီညွတ်ကြောင်းနှင့် မြန်မာနိုင်ငံအား ကိုယ်စားမပြုသင့်ကြောင်း"** အဆိုတင်သွင်း၍ နအဖစစ်အုပ်စု အား စိန်ခေါ်ရင်ဆိုင်မည့် **Credentials Challenge** လုပ်ငန်းစဉ်အား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့မှ ကြိုဆိုထောက်ခံပါသည်။

(၃) ။ ဤ Credentials Challenge လုပ်ငန်းစဉ်အား ကုလသမဂ္ဂအထွေထွေညီလာခံကြီး၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားဥပဒေဘောင်အတွင်းမှ လုပ်ဆောင်နေခြင်း၊ ၂၀၀၇–ခုနှစ် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မြန်မာ့အရေးအား ၈၈–နိုင်ငံမှ ထောက်ခံမဲ ရရှိထားခြင်း၊ အပြည်ပြည်ဆိုင်ရာ တရားရေးကျွမ်းကျင်သူများမှ ဝိုင်းဝန်းပူးပေါင်းကူညီနေခြင်းတို့ကြောင့် မိမိတို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကလည်း ဤCredentials Challenge လုပ်ငန်းစဉ်အား အပြည့်အဝထောက်ခံ၍ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ပြည်သူလူထုကိုယ်စား **လုပ်ပိုင်ခွင့်အာဏာ(Mandate)**ကို တရားဝင်အပ်နှင်းခြင်းခံထားရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကလည်း **Credentials Challenge** လုပ်ငန်းစဉ်အား တညီတညွတ်တည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် စစ်အာဏာရှင်စနစ်အား အပြီးတိုင်ဖျက်သိမ်းကြပါရန် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

**We have the legitimacy to represent and protect those who elected us in 1990**

သြဂုတ်လ၊ (၂၈) ရက်၊ ၂၀၀၈–ခုနှစ်၊

အမှုဆောင်ကော်မတီ

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့(မြန်မာနိုင်ငံ)

ဆက်သွယ်ရန် – ဦးသိန်းဦး– ၀၈၉ ၂၀၃ ၂၉၇၂ / ဦးလှဦး– ၀၈၁ ၉၇၁ ၁၀၅၂

P.O. Box (70), Maesot, Tak 63110, Thailand.
Tel: 084-877-808-4, Fax: 055-532-847, E-mail: mpuofficeburma@gmail.com